ကိယာမသ် ရှင်ပြန်ထမည့်နေ့တွင် မုအ်မင်န်

သက်ဝင်ယုံကြည်သူတစ်ဦး၏ မီဇာန်ချိန်ခွင်၌

ကောင်းမြတ်သည့် ကိုယ်ကျင့်တရားထက်

အလေးချိန်ပိုစီးသည့် အရာဟူ၍မရှိပါ။ ဧကန်အမှန်ပင်

အလ္လာဟ်အရှင်မြတ်သည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော

ညစ်ညမ်းသောအရာကို မုန်းတီးတော်မူသည်။

အဗူဒရ်ဒါအ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ကိယာမသ်
ရှင်ပြန်ထမည့်နေ့တွင် မုအ်မင်န် သက်ဝင်ယုံကြည်သူတစ်ဦး၏ မီဇာန်ချိန်ခွင်၌
ကောင်းမြတ်သည့် ကိုယ်ကျင့်တရားထက် အလေးချိန်ပိုစီးသည့် အရာဟူ၍မရှိပါ။
ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော ညစ်ညမ်းသောအရာကို
မုန်းတီးတော်မူသည်။
[صحيح] [رواه أبو داود والترمذي]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာ ကိယာမသ်ရှင်ပြန်ထမည့်နေ့တွင် အီမာန်သက်ဝင်ယုံကြည်သူ မုအ်မင်န်တစ်ဦး၏ ချိန်ခွင်၌ချိန်တွယ်ခြင်းခံရမည့် အပြောအဆိုများ၊ လုပ်ရပ်များအနက် အလေးချိန်အစီးဆုံးအရာမှာကောင်းမြတ်သည့်ကိုယ်ကျင့်တရားပင်ဖြစ်သည်။ ကောင်းမြတ်သည့် ကိုယ်ကျင့်တရားဟူသည်မျက်နှာချိုသာခြင်း၊ ဒုက္ခမှ ကာကွယ်ပေးခြင်း၊ ကောင်းကျိုးပြုခြင်းအစရှိသည်တို့ဖြစ်သည်။ မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည်စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော လုပ်ရပ်များ၊ စကားများနှင့် ရုန့်ရင်းကြမ်းတမ်းသောညစ်ညမ်းသောအပြောအဆိုများကိုမုန်းတီးတော်မူသည်။

http://www.sunnah.global/hadeeth/my/show/5371